Supported by

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု လျှောက်ထားခြင်း လမ်းညွှန်စာအုပ်

*“မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံရန် လွယ်ကူစေရေး”*

ဤလမ်းညွှန်စာအုပ်အား ၂၀၁၈ ခုနှစ် ဧပြီလ တွင် စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။

အသစ်ထပ်မံဖြည့်စွက်မှုများအတွက် www.dica.gov.mm တွင် လေ့လာကြည့်ရှုနိုင်ပါသည်။

- ရန်ကုန် -

ဧပြီ ၂၀၁၈

# မာတိကာ


အတိုကောက်အသုံးအနှုန်းများ ....................................................................................................၂

နိဒါန်း ....................................................................................................၃

၁။ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သော နောက်ခံနှင့်မိတ်ဆက် ....................................................................................................၄

(က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ပြောင်းလဲမှုများ....................................................................................................၄
(ခ) ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်း- MIC ခွင့်ပြုမိန့်နှင့် ရင်းနှီးမြှုပ်နှံမှုအတည်ပြုမိန့် ....................................................................................................၅

၂။ ရင်းနှီးမြှုပ်နှံသူများ တင်ပြရန်လိုအပ်သည့် စာရင်းလမ်းညွှန် ....................................................................................................၆

၃။ ရင်းနှီးမြှုပ်နှံမှု လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ်မြေပုံများ ....................................................................................................၉

(က) လုပ်ထုံးလုပ်နည်း အကျဉ်းချုပ် ....................................................................................................၉
(ခ) MIC ခွင့်ပြုမိန့်အတွက် လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်မြေပုံ ....................................................................................................၁၀
(ဂ) ရင်းနှီးမြှုပ်နှံမှုအတည်ပြုမိန့်အတွက် လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်မြေပုံ ....................................................................................................၁၃

၄။ အမေးများသော မေးခွန်းများ ....................................................................................................၁၆

၅။ နောက်ဆက်တွဲများ ....................................................................................................၂၂

နောက်ဆက်တွဲ (၁) MIC ခွင့်ပြုမိန့် လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် အထောက်အထားများ ....................................................................................................၂၂
နောက်ဆက်တွဲ (၂) MIC အတည်ပြုမိန့်လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် အထောက်အထားများ ....................................................................................................၂၅
နောက်ဆက်တွဲ (၃) ပြည်နယ်နှင့်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု အတည်ပြုမိန့်လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့်အထောက်အထားများ ....................................................................................................၂၇
နောက်ဆက်တွဲ (၄) ဝန်ဆောင်မှုနှုန်းထားများ ....................................................................................................၂၈
နောက်ဆက်တွဲ (၅) MIC ခွင့်ပြုမိန့်နှင့် ပြည်နယ်နှင့်တိုင်းရင်းနှီးမြှုပ်နှံမှုကော်မတီ အတည်ပြုမိန့်များအတွက် POWERPOINT PRESENTATION ပြင်ဆင်ရာတွင် ပါဝင်ရမည့်အချက်များ ....................................................................................................၂၉
နောက်ဆက်တွဲ (၆) သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာများစာရင်း ....................................................................................................၃၀

၆။ ဆက်သွယ်ရန်လိပ်စာများ ....................................................................................................၃၁

DICA ရုံးချုပ် (ရန်ကုန်) ....................................................................................................၃၁
ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ DICA ရုံးခွဲများ ....................................................................................................၃၂

ပုံနှိပ်ခြင်း....................................................................................................၃၄

# အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| ADB | အာရှဖွံ့ဖြိုးမှုဘဏ် |
| ASEAN | အရှေ့တောင်အာရှနိုင်ငံများအသင်း |
| CMP | ဖြတ်တောက်ခြင်း၊ ပြုလုပ်ခြင်းနှင့် ထုပ်ပိုးခြင်း |
| CSR | စီးပွားရေးလုပ်ငန်းများဆိုင်ရာ လူမှုရေးတာဝန် |
| DICA | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန |
| FDI | နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု |
| GDP | ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး |
| GIZ | Deutsche Gesellschaft für Internationale Zusammenarbeit GmbH |
| HO | ရုံးချုပ် |
| ID | ရင်းနှီးမြှုပ်နှံမှုဌာနခွဲ |
| JV | ဖက်စပ်လုပ်ငန်း |
| LDC | ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ |
| MIC | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် |
| MIL | မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ |
| MM | မြန်မာ |
| MMK | မြန်မာကျပ် |
| NRC | နိုင်ငံသားစိစစ်ရေးကတ် |
| PAT | အဆိုပြုလွှာစိစစ်ရေးအဖွဲ့ |
| USD | အမေရိကန်ဒေါ်လာ |

မြန်မာနိုင်ငံသည် မကြာသေးမီနှစ်များအတွင်း အာရှ၏ စီးပွားရေး အလျှင်မြန်ဆုံးဖွံ့ဖြိုးလျက်ရှိသော နိုင်ငံများတွင် တစ်နိုင်ငံအပါအဝင်ဖြစ်သည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏အဆိုအရ မြန်မာနိုင်ငံ၏စီးပွားရေးသည် ၂၀၁၂ ခုနှစ်ကတည်းက ၇% အဆက်မပြတ် တိုးတက်လျက်ရှိသည်။ ၂၀၁၆ ခုနှစ်တွင် နိုင်ငံ၏ GDP ဖွံ့ဖြိုးမှုနှုန်းသည် ၅.၉% ရရှိခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ၇.၇% နှင့် ၂၀၁၈ ခုနှစ်တွင် ၈% ရရှိရန် လျာထားသတ်မှတ်ထားသည်- (အာရှဖွံ့ဖြိုးတိုးတက်မှုရှုမြင်သုံးသပ်ချက် ၂၀၁၇ ခုနှစ်၊ ADB)။ မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးမှု မဟာဗျူဟာကို စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် အခြေခံ အဆောက်အဦးများခေတ်မီစေခြင်း၊ ပို့ကုန်အခြေခံအား အမျိုးမျိုးခွဲခြားခြင်းနှင့် ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်များ အတွက် တန်ဖိုးမြှင့်ထုတ်လုပ်မှု တိုးချဲ့ခြင်းတို့အား တစ်ပြိုင်နက်တည်း စွမ်းဆောင်စေနိုင်သော မူဝါဒ၏ ပြည့်စုံ အောင်ဖြည့်စွက်သည့် ပေါင်းစပ်မှုအပေါ်တွင် တည်ဆောက်ထားသည်။

လူဦးရေ ၅၂.၇၅ သန်းကျော်ရှိသော နိုင်ငံ၏ပြည်တွင်းဈေးကွက်အပြင် မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယ၊ အာဆီယံဈေးကွက်များနှင့် အခြားနိုင်ငံတကာဈေးကွက်များသို့ ဘင်္ဂလားပင်လယ်အော်နှင့် အန်ဒမန်ပင်လယ်တို့မှ တစ်ဆင့် တိုက်ရိုက်ရောက်ရှိနိုင်သည်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDC) အတွက် ဦးစားပေး အခွန်ကောက်ကင်းလွတ်ခွင့် စာရင်းအစီအစဉ်များကို နိုင်ငံတကာအနေအထားအရ ခံစားခွင့်ရစဉ်တွင်ပင် မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေး အသိုက်အဝန်းတွင် အဖွဲ့ဝင်ဖြစ်မှုအပြင် အာဆီယံ - တရုတ် လွတ်လပ်သောကုန်သွယ်မှုဇရိယာ (ACFTA), အာဆီယံ - ကိုရီးယား လွတ်လပ်သောကုန်သွယ်မှုဇရိယာ (AKFTA), အာဆီယံ - ဩစတြေးလျ- နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဇရိယာ (AANZFTA), အာဆီယံ - အိန္ဒိယ လွတ်လပ်သောကုန်သွယ်မှုဇရိယာ (AIFTA) အဖွဲ့ဝင်ဖြစ်မှုတို့မှ တစ်ဆင့် ဒေသဆိုင်ရာ ထုတ်လုပ်မှုကွန်ရက်အတွင်းသို့ အံဝင်ခွင်ကျ ပေါင်းစည်းဝင်ရောက်မှုဖြင့် တိုးတက်လာလျက်ရှိသည်။

မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များနှင့် စိုက်ပျိုးနိုင်သောမြေများ ပေါများကြွယ်ဝပြီး အလုပ်လုပ်နိုင်သူဦးရေများစွာကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ပါသည်။ နိုင်ငံသည်အခြေခံကျသောနိုင်ငံရေးနှင့် စီးပွားရေးအသွင်ပြုပြင်ပြောင်းလဲမှု အတွက် အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံခြားနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများ နှစ်မျိုးစလုံးအတွက် စိတ်ချလုံခြုံ၍ အလွယ်တကူဆောင်ရွက်နိုင်ပြီး အထောက်အကူပြုသော ဂန်းကျင်တစ်ခုကိုဖြည့်ဆည်းပေးရန် ကတိကဝတ်ပြုထားသည်။ ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုတို့အတွက် တရားဥပဒေဆိုင်ရာ မူဘောင်သည်လည်း မြင့်မားစွာတိုးတက်လျက်ရှိသည်။

၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ (MIL) သည် ရင်းနှီးမြှုပ်နှံမှု လျှောက်ထားခြင်းများအတွက် လုပ်ငန်းစဉ်ကို ရှင်းလင်းလွယ်ကူစေသည့်အပြင် စီးပွားရေးလုပ်ငန်း စွန့်စားလုပ်ဆောင်မှုများအတွက် အခွန်ကင်းလွတ်ခွင့်များ၊ မက်လုံးပေးမှုများ၊ အာမခံချက်များ၊ အခွင့်အရေးများနှင့် အကာအကွယ်ပေးမှုများစွာကို ဖြည့်ဆည်းပေးထားသည်။ လွန်ခဲ့သောနှစ်အနည်းငယ်က မြန်မာနိုင်ငံအနေဖြင့် အကျိုးစီးပွားဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) စီးဝင်ရေးအလားအလာကို MIL က ပိုမိုခိုင်မာအောင် အားဖြည့်ပေးမည်ဟု မျှော်လင့်ရသည်။ MIL ဥပဒေသစ် မူကြမ်းမပြုစုမီ ဥပဒေပြုစုရေးနှင့်ပတ်သက်၍ ကျယ်ပြန့်သောပြည်သူလူထုဆွေးနွေးမှုနှင့် အခြေအတင်ပြောဆိုမှုများ ဆက်လက်ဖြစ်ပေါ်နေသော အလားအလာအတွင်းတွင်ပင် မြန်မာနိုင်ငံရှိ (FDI) သည် မြင့်တက်လာလျက်ရှိသည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) စာရင်းများက ဖော်ပြလျက်ရှိသည်။ ၂၀၁၃ ခုနှစ် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၁.၄ ဘီလျံရှိသည်ဟု DICA အစီရင်ခံစာက အတည်ပြုထားသည်။ ထိုပမာဏသည် ၂၀၁၄ ခုနှစ်တွင် $ ၄.၁ ဘီလျံအထိ မြင့်တက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် $ ၈ ဘီလျံထိ နှစ်ဆကျော်ရှိခဲ့သည့်ပြင် ၂၀၁၆ ခုနှစ်တွင် ၁၈.၄ % တိုးတက်ကာ $ ၉.၄၈ ဘီလျံထိရှိခဲ့သည်။

ဤလမ်းညွှန်စာအုပ်ကို ဂျာမနီနိုင်ငံ၊ စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ Deutsche Desellschaftfur International Zusammenarbeit GmbH (GIZ) ၏ နည်းပညာနှင့် ဘဏ္ဍာရေး အကူအညီဖြင့် DICA က ပြုစုခဲ့ခြင်းဖြစ်သည်။ ဤစာအုပ်တွင်ပါဝင်သော သတင်းအချက်အလက်များသည် လုပ်ငန်းစဉ်ကို ပိုမိုပွင့်လင်းမြင်သာ၍ ပိုမိုနားလည်လွယ်အောင် ပြုလုပ်ခြင်းဖြင့် ကုန်ကျစရိတ်နှင့် အချိန်ကုန်သက်သာစေကာ ရင်းနှီးမြှုပ်နှံသူများအတွက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသောအခါ ပိုမိုလွယ်ကူစေရန် ရည်ရွယ်ပါသည်။

# ၁။ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သော နောက်ခံနှင့်မိတ်ဆက်

## (က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ပြောင်းလဲမှုများ

ယခင်ကမြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအတွက် ဥပဒေနှစ်ခုရှိခဲ့ပြီး တစ်ခုမှာ မြန်မာနိုင်ငံသားများအတွက်ဖြစ်၍ အခြားတစ်ခုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းဂန်းကျင် တိုးတက်စေရန်နှင့် ရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ထုံးလုပ်နည်းများလွယ်ကူစေရန် ကြိုးပမ်းအားထုတ်မှု အစိတ်အပိုင်းတစ်ရပ်အဖြစ် MIL ကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် မိတ်ဆက်ခဲ့သည်။ MIL သည် ရင်းနှီးမြှုပ်နှံမှုဥပဒေနှစ်ရပ်ကို ဥပဒေတစ်ခုအဖြစ် ပေါင်းစည်းလိုက်ခြင်းဖြစ်ပြီး နိုင်ငံခြားနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူ နှစ်မျိုးစလုံးအတွက် အသုံးပြုနိုင်သည်။ ဤလမ်းညွှန်စာအုပ်တွင် ဖော်ပြထားသော ရင်းနှီးမြှုပ်နှံမှု ဥပဒေဆိုသည်မှာ MIL အား ရည်ညွှန်းခြင်းဖြစ်သည်။

MIL သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား အတည်ပြုခြင်းတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအား ပိုမိုနိုင်မာစွာ လုပ်ပိုင်ခွင့်ခွဲဝေပေးပြီး ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်စေခြင်းဖြင့် မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုလွယ်ကူ ချောမွေ့စေပါသည်။ ဥပဒေသည် ရင်းနှီးမြှုပ်နှံမှုအတည်ပြုခြင်း လုပ်ထုံးလုပ်နည်း အမျိုးအစားများကို မိတ်ဆက်ပေးထားရာ တစ်ခုမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် MIC ခွင့်ပြုမိန့်နှင့် အခြားတစ်ခုမှာ MIC အတည်ပြုမိန့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးတို့မှ ခွင့်ပြုသည့် ရင်းနှီးမြှုပ်နှံမှုအတည်ပြုမိန့်ဖြစ်သည်။

ယခင် ရင်းနှီးမြှုပ်နှံမှု ဥပဒေများအရ MIC ထံမှ ကင်းလွတ်ခွင့်၊ သက်သာခွင့်များ ရယူလိုသော စီးပွားရေးလုပ်ငန်းများသည် MIC ခွင့်ပြုမိန့်ကို လျှောက်ထားရမည်ဖြစ်သည်။ ယခု MIL ၏ အဓိက အချက်မှာ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ရယူရန်လိုအပ်သည့် လုပ်ငန်းအမျိုးအစားများ စာရင်းအား ထုတ်ပြန်ထားရှိပြီး အဆိုပါလုပ်ငန်းအမျိုးအစားအတွင်း ပါဝင်ပါက MIC ခွင့်ပြုမိန့်အား မဖြစ်မနေ ရယူရန်လိုအပ်သည်။ ခွင့်ပြုမိန့်ရယူရန်လိုအပ်သည့် လုပ်ငန်းအမျိုးအစားများ စာရင်းတွင် မပါဝင်သော်လည်း ကင်းလွတ်ခွင့် သက်သာခွင့်များအား ရယူလိုပါက ရင်းနှီးမြှုပ်နှံမှု အတည်ပြုမိန့်အား MIC သို့မဟုတ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီထံမှ ရယူနိုင်ပါသည်။

MIL ၏ အဓိကထည့်သွင်းစဉ်းစားချက်တစ်ရပ်မှာ လုပ်ထုံးလုပ်နည်းများအား အဆင်ပြေချောမွေ့စေရန်နှင့် ရှင်းလင်းလွယ်ကူ စေရန်ဖြစ်သည်။ MIL ကို ဂန်ကြီးဌာနပေါင်းစုံနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်း၍ အကြံပြုချက်များကို လိုအပ်သလို ပြင်ဆင်ညှိနှိုင်းရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူ တစ်ဦးက MIC သို့မဟုတ် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး အစိုးရများသို့ လျှောက်ထားလာလျှင် ဂန်ကြီးဌာများနှင့် ဆက်သွယ်မှုကိုလျှော့ချရန် ဥပဒေက အထောက်အကူပြုမည်ဖြစ်သည်။ ယင်းသည် မျက်မှောက်ကာလတွင် နိုင်ငံခြား သို့မဟုတ် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအား ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများအတွက် ကြီးမားသော ပြဿနာတစ်ရပ်ကို ဖြေရှင်းပေးမည်ဖြစ်သည်။ ဂန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးပြီး ခွင့်ပြုချက်များရရှိရေးသည် အချိန်ကာလကြာမြင့်လေ့ရှိ သည်။ ဂန်ကြီးဌာနများနှင့် ဆက်သွယ်မှုကို ဥပဒေက အတတ်နိုင်ဆုံး လျှော့ချပေးရန် အကူအညီပေးထားသည်။

MIL အရ MIC က စိစစ်ခွင့်ပြုရမည့် အဆိုပြုချက်အရေအတွက်ကို လျှော့ချသွားမည်ဖြစ်သည်။ အချို့သော စီးပွားရေးလုပ်ငန်းများကို ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများက အတည်ပြုမိန့်အား ခွင့်ပြုနိုင်မည်ဖြစ်သည်။

ဆွဲဆောင်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုအားလုံးကို ဂင်ငွေခွန် ကင်းလွတ်ခွင့်ကာလအား သတ်မှတ်ခံစားခွင့်ပြုမည်မဟုတ်ပါ။ ဥပဒေသစ်သည် ဦးစားပေးမြှင့်တင်မည့် ကဏ္ဍများကိုသာ ဝင်ငွေခွန်ကင်းလွတ်ခွင့် ခံစားခွင့်ပြုမည်ဖြစ်ပြီး ထိုခံစားခွင့်သည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ၏ တည်နေရာပေါ်မူတည်၍ ၃ နှစ်မှ ၇ နှစ်အထိခံစားခွင့်ပြုမည်ဖြစ်သည်။ ဦးစားပေးမြှင့်တင်မည့်ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများကို အစိုးရက ဥပဒေနှင့်အညီ ပြဋ္ဌာန်းထားသည်။

MIL သည် ကန့်သတ်ထားသော လုပ်ဆောင်ချက်၏ နယ်ပယ်များကိုလည်း ရှင်းလင်းစွာ ဖော်ပြထားသည်။ အချို့ စီးပွားရေးလုပ်ငန်းများကို အစိုးရအတွက်သာ လုံးဝချန်လှပ်ထားမည်ဖြစ်ပြီး အဆိုပါ အစိုးရကဆောင်ရွက်သောစီးပွားရေး လုပ်ငန်းများအား မည်သည့်နိုင်ငံခြား သို့မဟုတ် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများကိုမျှ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုမည် မဟုတ်ပါ။ ဒုတိယအချက်အနေဖြင့် အချို့သောစီးပွားရေးလုပ်ငန်းများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား တားမြစ်ထားမည်ဖြစ်ပြီး အချို့ကဏ္ဍကိုမူ ပြည်တွင်းမိတ်ဘက်များနှင့် ဖက်စပ်လုပ်ငန်းများအဖြစ် ထူထောင်ရမည်ဖြစ်သည်။ တတိယအချက်အနေဖြင့် နိုင်ငံသားဖြစ်စေ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းဖြစ်စေ၊ ရင်းနှီးမြှုပ်နှံသူများသည် အချို့သော အခြေအနေများ၌ သက်ဆိုင်ရာဝန်ကြီးဌာန၏ အတည်ပြုချက်ရယူရန် လိုအပ်မည်ဖြစ်သည်။ ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ အဆိုပါစီးပွားရေးလုပ်ငန်းများအား ခွင့်ပြုမည်မဟုတ်ပါ။

MIL သည် ဝန်ကြီးဌာနများနှင့် MIC အကြား တိကျပြတ်သားသော ပိုင်းခြားသတ်မှတ်မှုကို ပြဋ္ဌာန်းပေးထားသည်။ ဝန်ကြီးဌာန၏ အတည်ပြုချက်ရယူရန်မလိုအပ်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား MIC မှ ၎င်း၏ စီရင်ပိုင်ခွင့်လက်အောက်တွင် စီးပွားရေးလုပ်ငန်းများကို တည်ထောင်လုပ်ကိုင်ခွင့်ပြုနိုင်ပါသည်။ အလားတူစွာပင် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများက ၎င်းတို့၏ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းများအတွက် ၎င်းတို့ကိုယ်တိုင်သာ ဆုံးဖြတ်ရေးကို နားလည်သဘောပေါက်စေရန်အတွက်လည်း MIC က ဆောင်ရွက်မည်ဖြစ်သည်။ သက်ဆိုင်ရာဝန်ကြီးဌာနက စိစစ်၍ ညှိနှိုင်းဆွေးနွေးရန် လိုအပ်သည့်ကိစ္စ အနည်းငယ်မျှသာ ရှိမည်ဖြစ်သည်။

MIL တွင် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်းစနစ်ကိုပါ ထည့်သွင်းထားသည်။ ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ MIC ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် အခြားအစိုးရအာဏာပိုင်များမှ မှားယွင်းသော ဆုံးဖြတ်ချက်များ ချမှတ်သည်ဟု ယူဆပါက ရင်းနှီးမြှုပ်နှံသူအကူအညီပေးရေးကော်မတီ ထံမှ အကူအညီများအား ရယူနိုင်မည်ဖြစ်သည်။

## (ခ) ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်း- MIC ခွင့်ပြုမိန့်နှင့် ရင်းနှီးမြှုပ်နှံမှုအတည်ပြုမိန့်

MIL ၂၀၁၆ သည် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုခြင်းလုပ်ငန်းစဉ် အမျိုးအစား ၂ ခုကို မိတ်ဆက်ပေးထားရာ တစ်ခုမှာ MIC ခွင့်ပြုမိန့်ဖြစ်ပြီး အခြားတစ်ခုမှာ ရင်းနှီးမြှုပ်နှံမှုအတည်ပြုမိန့်ဖြစ်သည်။ ယင်းတို့ကို ယေဘုယျအားဖြင့် MIC ခွင့်ပြုမိန့် လုပ်ထုံးလုပ်နည်းနှင့် ရင်းနှီးမြှုပ်နှံမှု အတည်ပြုမိန့် လုပ်ထုံးလုပ်နည်းဟု ရည်ညွှန်းသည်။ ရင်းနှီးမြှုပ်နှံမှု အတည်ပြုမိန့် လုပ်ထုံးလုပ်နည်းမိတ်ဆက်သည် သိသာထင်ရှားစွာ ရှင်းလင်းလွယ်ကူပြီး မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းကို လွယ်ကူချောမွေ့စေသည်။ MIC ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် နှစ်မျိုးစလုံးအား လျှောက်ထားရန်မလိုအပ်ပါ။

**MIC ခွင့်ပြုမိန့်**

MIL မတိုင်မီက MIC ၏ ကင်းလွတ်ခွင့် သက်သာခွင့် ရယူလိုသော မည်သည့် ရင်းနှီးမြှုပ်နှံသူမဆို စီးပွားရေးလုပ်ငန်း ကြီးသည်ဖြစ်စေ သေးငယ်သည်ဖြစ်စေ MIC ခွင့်ပြုမိန့်အတွက် MIC သို့ အဆိုပြုချက်တင်သွင်းခဲ့ရသည်။

MIL အရ အနည်းငယ်မျှလောက်သော အဆိုပြုချက်များကိုသာ MIC က စိစစ်ခွင့်ပြုမည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများသည် ကော်မရှင်သို့ အဆိုပြုချက်တင်သွင်းရမည်ဖြစ်ပြီး နည်းဥပဒေတွင်ဖော်ပြထားသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် ခွင့်ပြုချက်ရပြီးသည်နှင့် ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။ ထိုလုပ်ငန်းများမှာ (က) နိုင်ငံတော်အတွက် မဟာဗျူဟာအရ အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ၊ (ခ) မတည်ငွေရင်းကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားများ၊ (ဂ) သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ်ကြီးမားသော သက်ရောက်မှု ဖြစ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ (ဃ) နိုင်ငံတော်ပိုင် မြေနှင့် အဆောက်အဦးများ အသုံးပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ (င) ကော်မရှင်သို့ အဆိုပြုချက် တင်ပြစေရန် အစိုးရအဖွဲ့က သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖြစ်ကြသည်။

**ရင်းနှီးမြှုပ်နှံမှု အတည်ပြုမိန့်**

ရင်းနှီးမြှုပ်နှံသူများသည် အထက်တွင်ဖော်ပြထားသကဲ့သို့ (MIL ၏ ပုဒ်မ ၃၆ အရ) MIC ခွင့်ပြုမိန့် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားများတွင် မပါဝင်လျှင် ရင်းနှီးမြှုပ်နှံသူများသည် MIC သို့ အဆိုပြုချက်တင်ပြရန် မလိုအပ်ပါ။

သို့ရာတွင် ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း ၁၂ ပါ မြေအသုံးပြုမှုခွင့်နှင့် ဥပဒေ၏ပုဒ်မ ၇၅၊ ၇၇ နှင့် ၇၈ တို့ပါ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များအား ခံစားနိုင်ရန် ရင်းနှီးမြှုပ်နှံသူများက အတည်ပြုမိန့် လျှောက်ထားမှုလုပ်ငန်းစဉ်ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဤလမ်းညွှန်စာအုပ်၏ အောက်ပါအခန်းများသည် ရင်းနှီးမြှုပ်နှံသူများက ၎င်းတို့အဆိုပြုသော စီမံကိန်း၏ သတ်မှတ်ချက်များနှင့် အသေးစိတ်အချက်အလက်များအရ ကြုံတွေ့ရမည့် လုပ်ထုံးလုပ်နည်းများကို ခွဲခြားသိမြင်နိုင်စေရန်အတွက် ပို၍အသေးစိတ်ကျသော လုပ်ဆောင်မှုလမ်းညွှန်ချက်အား ပံ့ပိုးပေးမည်ဖြစ်သည်။

## ၂။ ရင်းနှီးမြှုပ်နှံသူများ တင်ပြရန်လိုအပ်သည့် စာရင်းလမ်းညွှန်

ဤအခန်း၏ရည်ရွယ်ချက်သည် ရင်းနှီးမြှုပ်နှံသူများဆောင်ရွက်ရမည့်စာရင်းကို လျှင်မြန်စွာသိရှိနိုင်ရန် ပံ့ပိုးပေးထားသဖြင့် ရင်းနှီးမြှုပ်နှံသူများသည် ဤလုပ်ထုံးလုပ်နည်းများအနက် မည်သည့်ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းကို (MIC ခွင့်ပြုမိန့် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုအတည်ပြုမိန့်) ၎င်းတို့ အစီအစဉ်ဖြင့်ဆောင်ရွက်ရမည် သို့မဟုတ် ဆောင်ရွက်ရန်မလိုဟု သိရှိနိုင်မည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူ၏ စီမံကိန်းသတင်းအချက်အလက် အသေးစိတ်ပေါ်မူတည်၍ စိစစ်ထားသော ဆောင်ရွက်ရမည့်စာရင်း၊ MIL နှင့်သက်ဆိုင်သော နည်းဥပဒေများရှိ အသေးစိတ် ပြဌာန်းချက်များနှင့် အမိန့်ကြော်ငြာစာများနှင့်အညီ ၎င်းတို့၏ စီမံကိန်းကို စစ်ဆေးနိုင်ပြီး၊ မည်သည့်လုပ်ထုံးလုပ်နည်းအတွက် မည်သည့်အဖွဲ့အစည်းသို့ ၎င်းတို့၏ စီမံကိန်းကို တင်ပြရမည်နှင့် ၎င်းတို့၏ စီမံကိန်းအတွက် မည်သည့်လုပ်ထုံးလုပ်နည်း အား အသုံးချရမည်တို့ကို နားလည်သဘောပေါက်နိုင်ပေမည်။ (ဥပမာ - MIC ခွင့်ပြုမိန့် နှင့် MIC အတည်ပြုမိန့်အတွက် MIC ထံသို့ (သို့မဟုတ်) တိုင်းဒေသကြီးနှင့် ပြည်နယ် ရင်းနှီးမြှုပ်နှံမှု အတည်ပြုမိန့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရင်းနှီးမြှုပ်နှံမှုကော်မတီထံသို့)

တင်ပြရန်လိုအပ်သည့်စာရင်းများနှင့်အညီ စီမံကိန်းကို စစ်ဆေးခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံသူများသည် ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာများ၏ သက်ဆိုင်ရာအခန်းများကိုလည်း ဖတ်ရမည်ဖြစ်သည်။ ဤလမ်းပြလုပ်ငန်းစဉ်သည် အဓိကအားဖြင့် ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏စီမံကိန်းအဆိုပြုချက်များအား လျှောက်ထားသောအခါတွင် အသုံးပြုစေရန်အတွက် ဖြစ်သည်။ ကိစ္စရပ်အများစုတွင် ရင်းနှီးမြှုပ်နှံသူများသည် DICA ရှိ သက်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုဌာနခွဲ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်ရှိ DICA ရုံးများတွင် သတင်းအချက်အလက်စုံစမ်းမေးမြန်းသော အဆင့်မှစတင် ဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပေသည်။ သို့ရာတွင် MIC ၏ ဆုံးဖြတ်ချက်သည် အဆိုပါသတင်းအချက်အလက် ဖြေကြားမှုများနှင့် သက်ဆိုင်မှုရှိမည်မဟုတ်ပါ။

## အဆင့် ၁။ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများသည် အောက်ပါတို့အတိုင်း ဟုတ်-မဟုတ် စစ်ဆေးပါ။

- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ (MIL) ၏ ပုဒ်မ ၃၆ (က) နှင့် နည်းဥပဒေ ၃ တွင် ပြဋ္ဌာန်းထားသကဲ့သို့ နိုင်ငံတော်အတွက် မဟာဗျူဟာအရအရေးပါသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများစာရင်းတွင် ပါဝင်လျှင်။
- မတည်ငွေရင်းကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများအဖြစ် ထည့်သွင်းစဉ်းစားခံရခြင်း ရှိမရှိ။ ဆိုလိုသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၃၆ (ခ) နှင့် နည်းဥပဒေ ၄ တွင် ပြဋ္ဌာန်းထားသကဲ့သို့ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထက် ပိုမိုလျှင်။
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ (MIL) ၏ ပုဒ်မ ၃၆ (ဂ) နှင့် နည်းဥပဒေ ၅ တွင် ပြဋ္ဌာန်းထားသကဲ့သို့ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ်ကြီးမားသော သက်ရောက်မှုဖြစ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြစ်လျှင်။
- မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (MIL) ၏ ပုဒ်မ ၃၆ (ဃ) နှင့် နည်းဥပဒေ ၆ တွင် ပြဋ္ဌာန်းထားသကဲ့သို့ နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အဦးများ အသုံးပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားတွင် ပါဝင်လျှင်။
- မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ (MIL) ၏ ပုဒ်မ ၃၆ (င) ပြဋ္ဌာန်းထားသကဲ့သို့ ကော်မရှင်သို့ အဆိုပြုချက်တင်ပြစေရန် အစိုးရအဖွဲ့က သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားတွင် ပါဝင်လျှင်။ (*)

PERMIT

(*) ကော်မရှင်သို့အဆိုပြုချက်တင်သွင်းရန် လိုအပ်မည်ဟု အစိုးရအဖွဲ့က သတ်မှတ်သော ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အစိုးရအဖွဲ့က ထပ်မံ၍ အသေးစိတ်ထုတ်ပြန်မည်ဖြစ်သည်။

## အဆင့် ၂။ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများသည် အထက်ဖော်ပြပါ အမျိုးအစားများတွင် မပါဝင်သော်လည်း -

သို့ရာတွင် သင်သည် ၁။ မြေယာအသုံးပြု ခွင့်များပုဒ်မ (၅၀) နှင့်/သို့ မဟုတ် ၂။ သက်သာခွင့်နှင့် ကင်းလွတ်ခွင့်များပုဒ်မ (၇၄၊ ၇၅၊ ၇၆) များအားတောင်းခံလျှင်။

Endorsement

- သင်၏ရင်းနှီးမြှုပ်နှံမှုသည်
  - USD ၅ သန်းနှင့်

  < USD ၁၀၀ သန်းဖြစ်လျှင်(သို့မဟုတ်)
- သင်၏ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် အမိန့်ကြော်ငြာစာအမှတ် ၁၅ (ဃ) အရ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ အတည်ပြုချက်လိုအပ်လျှင်

ရန်ကုန်ရှိ MIC ရုံး၌အတည်ပြုမိန့် လျှောက်ထားရန်

- သင်၏ရင်းနှီးမြှုပ်နှံမှုသည် အမိန့်ကြော်ငြာစာအမှတ် ၁၁ အရ

< USD ၅ သန်း သို့ မဟုတ် MMK သန်း ၆၀၀၀ ဖြစ်ပြီး အမိန့်ကြော်ငြာစာအမှတ် ၁၅ (ဃ) ၏ စာရင်းတွင် မပါဝင်လျှင်

ပြည်နယ်/တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ ရုံးများ၌ အတည်ပြုမိန့်လျှောက်ထားရန်

## အဆင့် ၃။ ဤအဆင့်တိုင်အောင် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများသည် အထက်ဖော်ပြပါ အမျိုးအစားများတွင် မပါဝင်သေးလျှင်

ရင်းနှီးမြှုပ်နှံသူသည်ပုဂ္ဂလိကပိုင်ရှင်များထံမှ ရုံးခန်း တစ်ခုအား စီးပွားရေး အဆောက်အဦတစ်ခုတွင် ငှားရမ်းထားပြီး ၁။ ဥပဒေများ၏ ပုဒ်မ (၅၀) အရ မြေယာ အသုံးပြုခွင့် တောင်းဆိုခြင်းမပြုလျှင်နှင့် /သို့ မဟုတ် ၂။ ဥပဒေ၏ ပုဒ်မ (၇၅) (၇၆) ၊ (၇၇) နှင့် (၇၈) တို့ အရ သက်သာခွင့်နှင့် ကင်းလွတ်ခွင့်များ တောင်းဆိုခြင်းမပြုလျှင်။

သင်သည် မြန်မာ နိုင်ငံသားရင်းနှီးမြှုပ်နှံသူ ဖြစ်လျှင်

MIC ခွင့်ပြုမိန့်မလိုပါ။ ရင်းနှီးမြှုပ်နှံမှု အတည်ပြုမိန့်မလိုပါ။ ကုမ္ပဏီ မှတ်ပုံတင်ဖြင့် လုံလောက်သည်။

သင်သည် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူဖြစ်လျှင်

MIC ခွင့်ပြုမိန့် သို့ မဟုတ် ရင်းနှီးမြှုပ်နှံမှု အတည်ပြုမိန့် မလိုအပ်သော်လည်း သတင်းအချက်အလက် စုံစမ်း၍ DICA မှ လမ်းညွှန်ချက် ရယူပါ။ (ကုမ္ပဏီရေးရာဌာနခွဲနှင့် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဌာနခွဲ)

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ကိုယ်ပိုင်မြေယာများတွင် ရင်းနှီးမြှုပ်နှံလျှင် မြေယာအသုံးပြုခွင့် လျှောက်ထားရန်မလိုပါ။ မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ နှစ်ဦးစလုံးသည် ပုဂ္ဂလိက သို့မဟုတ် အစိုးရထံမှ မြေယာကိုငှားရမ်းလျှင် မြေယာအသုံးပြုခွင့် လျှောက်ထားရပါမည်။

## နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသို့ အကြံပြုချက်များ။ သင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူဖြစ်လျှင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားပါ။

သင်၏ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် နိုင်ငံခြားသားများအား ခွင့်မပြုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစာရင်းတွင် ပါဝင်လျှင် (အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇၊ ခ)

ဤအဆင့်တွင် ရပ်လိုက်ပါ

သို့မဟုတ် အခြားလုပ်ငန်းတစ်ခုရွေးပါ။

သင်၏ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ကုမ္ပဏီပိုင်ဆိုင်သော မည်သည့်နိုင်ငံသားနှင့်မဆို သို့မဟုတ် မည်သည့်မြန်မာနိုင်ငံသားနှင့်မဆို သို့မဟုတ် မည်သည့်မြန်မာနိုင်ငံသားနှင့်မဆို ဖက်စပ်လုပ်ငန်းပုံစံဖြင့်သာလျှင် ခွင့်ပြုသော ရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းစာရင်းတွင် ပါဝင်လျှင် (အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇၊ ဂ)။

သင်၏အဆိုပြုချက်သည်ဖက်စပ်လုပ်ငန်းပုံစံအဖြစ်သေချာအောင်ဆောင်ရွက်ပြီးကိုယ်ပိုင်ကုမ္ပဏီရှိသောနိုင်ငံသားတစ်ဦးသို့မဟုတ်မည်သည့်နိုင်ငံသားမဆိုပါဝင်ပါစေ။ ဖက်စပ်လုပ်ငန်းတွင်နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူသည်အများဆုံးတိုက်ရိုက်အစုရှယ်ယာ(သို့)အကျိုးစီးပွားအချိုး ၈၀% ထက်ပိုမို၍ပိုင်ဆိုင်ခွင့်မရှိကြောင်း သတိပြုပါ။

သင်သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ရင်းနှီးမြှုပ်နှံပြီး သင်၏စီးပွားရေးလုပ်ငန်းသည် MIC ခွင့်ပြုမိန့် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုအတည်ပြုမိန့် လုပ်ငန်းစဉ်ကို ဆောင်ရွက်ရန်လိုအပ်လျှင် သင်သည် စီးပွားရေးလုပ်ငန်းမှတ်ပုံတင်ရေး လုပ်ငန်းစဉ်နှင့် MIC ခွင့်ပြုမိန့်/အတည်ပြုမိန့်လုပ်ငန်းစဉ်နှစ်ရပ်စလုံးကို တစ်ပြိုင်တည်း ဆောင်ရွက်ရမည်။

DICA တွင် ပိုမိုစုံလင်သော သတင်းအချက်အလက်များ စုံစမ်းပါ။ (ကုမ္ပဏီရေးရာဌာနခွဲနှင့် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ဌာနခွဲ)

# ၃။ ရင်းနှီးမြှုပ်နှံမှု လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ်မြေပုံများ

## (က) လုပ်ထုံးလုပ်နည်း အကျဉ်းချုပ်

| | | |
|---|---|---|
| | | ပြည်နယ်နှင့်တိုင်း ရင်းနှီးမြှုပ်နှံမှု ကော်မတီ |
| **ခွင့်ပြုမိန့်** | **အတည်ပြုမိန့်** | **အတည်ပြုမိန့်** |

### အဆင့် ၁။ DICA တွင်သတင်းအချက်အလက်စုံစမ်းပါ။

အကြံပြုချက်နှင့်သတင်းအချက်အလက်တောင်းခံလွှာကို DICA တွင်ရယူပါ။ (optional)

### အဆင့် ၂။ လျှောက်လွှာပြင်ဆင်ခြင်း

| | | |
|---|---|---|
| ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်ပုံစံ ၂ ဝယ်ယူပါ။ ဖြည့်စွက်၍ DICAသို့လျှောက်ထားပါ။ | ရင်းနှီးမြှုပ်နှံမှုအတည်ပြု လျှောက်ထားလွှာ ပုံစံ ၄-က ဝယ်ယူပါ။ ဖြည့်စွက်၍ DICA သို့လျှောက်ထားပါ။ | ရင်းနှီးမြှုပ်နှံမှုအတည်ပြု လျှောက်ထားလွှာ ပုံစံ ၄-ခ ဝယ်ယူပါ။ ဖြည့်စွက်၍ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းရှိ DICA ရုံးသို့လျှောက်ထားပါ။ |

### အဆင့် ၃။ DICA မှသုံးသပ်ခြင်း

| | | |
|---|---|---|
| PATအစည်းအဝေးတက် ရောက်ပြီး အဆိုပြုချက် တင်ပြပါ။ | DICA ရင်းနှီးမြှုပ်နှံမှုဌာနမှ သုံးသပ်သည်။ | ပြည်နယ်နှင့်တိုင်းရှိ DICA ဌာနမှ သုံးသပ်သည်။ |

### အဆင့် ၄။ MIC နှင့် ပြည်နယ်နှင့်တိုင်း ရင်းနှီးမြှုပ်နှံမှုကော်မတီမှ သုံးသပ်ခြင်း။

| | | |
|---|---|---|
| MIC အစည်းအဝေးတက် ရောက်ပြီးအဆိုပြုချက် တင်ပြဆွေးနွေးပါ။ | MICမှသုံးသပ်ခြင်း၊(အဆိုပြု ချက်အားတင်ပြဆွေးနွေးရန် နှင့်အစည်းအဝေး တက်ရောက်ရန် မလိုပါ။) | ပြည်နယ်နှင့်တိုင်းရင်းနှီးမြှုပ်နှံမှု ကော်မတီအစည်းအဝေး တက်ရောက်ပြီးအဆိုပြုချက် အား တင်ပြဆွေးနွေးပါ။ |

### အဆင့်၅။ ခွင့်ပြုချက်များရယူခြင်း

| | | |
|---|---|---|
| MIC ဆုံးဖြတ်ချက်ရယူပါ။ MIC ခွင့်ပြုမိန့်ရယူပါ။ | MIC ဆုံးဖြတ်ချက်ရယူပါ။ MIC အတည်ပြုမိန့်ရယူပါ။ | ပြည်နယ်နှင့်တိုင်းရင်းနှီးမြှုပ်နှံမှု ကော်မတီ ဆုံးဖြတ်ချက် ရယူပါ။ ပြည်နယ်နှင့်တိုင်း အတည်ပြုမိန့်ရယူပါ။ |

## (ခ) MIC ခွင့်ပြုမိန့်အတွက်လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်မြေပုံ

| သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ဌာနခွဲများနှင့် DICA ရုံးချုပ် | MIC/ အခြားအေဂျင်စီများ/ ဌာနများ |
| --- | --- |

၁

စတင်ခြင်း

ရန်ကုန်DICAရှိသက်ဆိုင်ရာဌာနခွဲသို့စုံစမ်းမေးမြန်းခြင်း လျှောက်လွှာတင်ခြင်းဖြင့်သတင်းအချက်အလက် စုံစမ်းပါ။ (မိမိဆန္ဒရှိမှသာလျှောက်ထားရန်)

*၅၀၀ MMK + ၁၅,၀၀၀ MMK (သို့)*
*၅,၀၀၀ MMK (အသေးစားကုမ္ပဏီများအတွက်)*

*အလုပ်ဖွင့်ရက် ၁၀ ရက်*

ရင်းနှီးမြှုပ်နှံသူများသို့ လမ်းညွှန်မှုနှင့် မသက်ဆိုင်ပါ။

အစိုးရအဖွဲ့အစည်းတစ်ခုထံမှ မြေယာငှားရမ်းလိုပါသလား။

မငှားပါ

ပုဂ္ဂလိကမြေပိုင်ရှင်နှင့် စေ့စပ် ညှိနှိုင်း၍ မြေငှားစာချုပ် မူကြမ်းကို ချုပ်ဆိုပါ။

မြေငှားသဘောတူ စာချုပ် မူကြမ်း

ငှားသည်။

သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်း နှင့် စေ့စပ်ညှိနှိုင်း၍ မြေငှား စာချုပ်မူကြမ်းကို ချုပ်ဆိုပါ။

မြေငှားသဘောတူ စာချုပ် မူကြမ်း

၁၀၀၀ MMK

DICA ရုံးချုပ်မှ ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာပုံစံ ဝယ်ယူပါ။

၁။ ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာပုံစံ
၂။ လျှောက်လွှာအတွက်လိုအပ်သောအထောက်အထား များစာရင်း

ရင်းနှီးမြှုပ်နှံမှု အဆိုပြုပုံစံကိုဖြည့်သွင်းပြီး ဆောင်ရွက်ရန် စာရင်းတွင် ညွှန်ပြထားသော လိုအပ်သည့်စာရွက်စာတမ်း အထောက်အထားအားလုံးကို ပြင်ဆင်ပါ။

၂

ရင်းနှီးမြှုပ်နှံမှုဌာနခွဲ DICA သို့ လျှောက်ထားမှု အထောက်အထားများ တင်သွင်းပါ။

လျှောက်လွှာအပြည့်အစုံသည် နောက်အဆင့်အတွက် အဆင်ပြေပါသလား။

ပြည့်စုံမှုမရှိပါကပြင်ဆင် တင်သွင်းပြပါ။

*အလုပ်ဖွင့်ရက် ၅ ရက်*

လက်ခံလျှင်

လျှောက်လွှာအပြည့်အစုံကိုသုံးသပ်စစ်ဆေးပြီး နောက်အဆင့်အတွက်အဆင်ပြေကြောင်းနှင့် PATအစည်းအဝေးရက်စွဲကိုရင်းနှီးမြှုပ်နှံမှုဌာနခွဲ/ DICA က ဖုန်းဆက် အကြောင်းကြားမည်။

PAT အစည်းအဝေးကိုတက်ရောက်ပြီး စီမံကိန်းအကြောင်း အကျဉ်းချုပ်တင်ပြပါ။ မေးမြန်းချက်များနှင့် PAT မှ မေးခွန်းကို ရှင်းလင်းဖြေကြားပါ။

DICA က လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အကြောင်းကြားစာကို ၁၅ ရက်အတွင်း ပေးပို့မည်။

*အလုပ်ဖွင့်ရက် ၆ ရက်*

သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ဌာနခွဲများနှင့် DICA ရုံးချုပ်

MIC/ အခြားအေဂျင်စီများ/ ဌာနများ

ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်ကို လက်ခံပါသလား။

ငြင်းပယ်စာ

လက်ခံစာ

၃

အဆိုပြုချက် ဝန်ဆောင်စရိတ်ပေးချေပါ။

MIC အစည်းအဝေး အတွက် PPT ဖြင့်ဖော်ပြချက်

အဆိုပြုချက်ကို ပြင်ဆင်တည်းဖြတ်ရန် လိုအပ်ပါသလား။

လိုအပ်သည့်

မလိုအပ်ပါ

PAT အစည်းအဝေးမှ သဘောထား မှတ်ချက်များနှင့်အညီပြင်ဆင်ပြီးအဆိုပြုချက်ကိုရင်းနှီးမြှုပ်နှံမှုဌာနခွဲ/DICA သို့ တင်သွင်းပါ။

DICA က အဆိုပြုချက်ကို ပြန်လည်သုံးသပ်၍ လက်ခံပါသလား။

ပြည့်စုံရန်အတွက် ထပ်မံတောင်းဆိုခြင်း သို့မဟုတ် DICA က အခြားဝန်ကြီးများနှင့် တိုင်းဒေသကြီး/ ပြည်နယ်တို့နှင့် ထပ်မံဆွေးနွေးခြင်း

DICA မှ လက်ခံခြင်း

ပြည့်စုံသောလျှောက်လွှာအစုံ(ရင်းနှီးမြှုပ်နှံမှုဌာနခွဲ/DICAက ပြန်လည်သုံးသပ်ပြီးသော) ၁၅ စုံ + PDF ဖိုင်များကို တင်သွင်း၍ ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်ကိုတင်ပြရန်ပြင်ဆင်ပါ။ (MIC အစည်းအဝေးမတိုင်မီအပတ်တွင် DICA သို့ ပါဝါပွိုင့်ဖြင့် တင်ပြပါ။

၄

MIC အစည်းအဝေးသို့ တက်ရောက်၍ ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်ကို တင်ပြပါ။

MIC အစည်းအဝေး၏ ရလဒ်ကို စောင့်ပါ။

ခွင့်ပြုချက်ထုတ်ပြန်မှုကို MIC က ဆုံးဖြတ်သည်။ ခွင့်ပြုသော ရင်းနှီးမြှုပ်နှံသူများ၏ စာရင်းနှင့် MIC ခွင့်ပြုမိန့်ကို DICA ၏ ဝက်ဘ်ဆိုက် dica.gov.mm တွင် ကြေညာမည်။

ကြေညာသည်။

MIC ခွင့်ပြုမိန့်ရယူပါ။

အလုပ်ဖွင့်ရက် ၁၀ ရက်

ပြီးဆုံးခြင်း

မကြေညာပါ။

ငြင်းပယ်စာ

အလုပ်ဖွင့်ရက် ၂၀ ရက်

အလုပ်ဖွင့်ရက် ၁၀ ရက်

**မှတ်ချက်များ**

၁ ပုံစံ - ၁။ စုံစမ်းမေးမြန်းခြင်းလျှောက်ထားလွှာပုံစံ (DICA ဝက်ဘ်ဆိုက်မှ ဒေါင်းလုတ်ဆွဲ၍ ရယူနိုင်သည်။ (သို့မဟုတ်) DICA ရုံးချုပ်တွင် ဝယ်ယူနိုင်သည်။

၂ ဤအဆင့်တွင် တင်သွင်းရန်လိုအပ်သည့် အထောက်အထားများ

၁။ ဖြည့်စွက်ထားသော ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်ပုံစံ (ပုံစံ ၂)

၂။ ဒါရိုက်တာအားလုံး၏ နိုင်ငံသားစီစစ်ရေးကတ်ပြားမိတ္တူများ (မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအတွက်)၊ ဒါရိုက်တာအားလုံး၏ ပတ်စ်ပို့မိတ္တူများ (နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက်)

၃။ ငွေရေးကြေးရေးအထောက်အထား(ဘဏ်ငွေစာရင်းရှင်းတမ်း)

၄။ ပတ်ဝန်းကျင်ကာကွယ်ရေး၊ လူမှုဖူလုံရေး၊ CSR၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ စွန့်ပစ်ပစ္စည်းအရေးယူဆောင် ရွက်မှု (သတ္တုတူးဖော်ရေး၊ ဓာတုပစ္စည်းများ စသည်တို့တွင်အချို့သော စီမံကိန်းအမျိုးအစားနှင့် သင့်တော် သော) တို့အတွက် သီးခြားစီမံချက်များ

၅။ HS ကုဒ်နံပါတ်ဖော်ပြထားသော ပြည်ပမှတင်သွင်းမည့် ပစ္စည်းကိရိယာ၊ စက်ပစ္စည်း၊ ကုန်ကြမ်းပစ္စည်း

၆။ တည်ရှိဆဲအဆောက်အဦတစ်ခုကို အသုံးပြုလျှင်၊ အဆောက်အဦ၏ပုံစံ (အဆောက်အဦအသစ်ဖြစ်လျှင်၊ ဆောက်လုပ်မည့် အခြေခံအဆောက်အဦ၏ပုံစံ၊ သို့မဟုတ် အဆောက်အဦ၏ဓာတ်ပုံ)

၇။ စီးပွားရေးလုပ်ငန်း တည်နေရာပြမြေပုံ

၈။ မြေပိုင်ဆိုင်မှု အထောက်အထားများ/စာချုပ်စာတမ်းများ

၉။ အငှားချထားသူ၏ မြေပိုင်ဆိုင်ကြောင်း အထောက်အထားများ/ စာချုပ်စာတမ်းများနှင့်အတူ မြေငှားစာချုပ်မူကြမ်း (မြေယာကို ပုဂ္ဂလိကပိုင်ရှင် သို့မဟုတ် အစိုးရထံမှ ငှားရမ်းလျှင်)

၁၀။ ဖက်စပ်လုပ်ငန်းဖြစ်လျှင်၊ ဖက်စပ်လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း)

၁၁။ မြေယာနှင့်အဆောက်အဦအတွက် ကာလရှည်ငှားရမ်းမှုအတွက် မြေအသုံးပြုခွင့်လျှောက်ထားလွှာ ပုံစံ ၇-က၊

မြေယာကို အစိုးရအဖွဲ့အစည်းတစ်ခုထံမှ ငှားရမ်းလျှင် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းက စာချုပ်မူကြမ်းကို ရုံးစာနှင့်ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ထောက်ခံချက်တို့နှင့်အတူ ရင်းနှီးမြှုပ်နှံမှုဌာနခွဲ/DICA သို့ တိုက်ရိုက်ပေးပို့ရမည်။

၃ ဝန်ဆောင်ခပမာဏနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲ ၄ တွင်ကြည့်ပါ။

၄ ပါဝါပွိုင့်တင်ပြမှုဖွဲ့စည်းပုံနှင့် လိုအပ်ချက်များအတွက် လမ်းညွှန်ချက်ကို နောက်ဆက်တွဲ ၅ တွင်ကြည့်ပါ။

***သတိပြုရန်မှာ- MIC ခွင့်ပြုမိန့် ရယူပြီးမှသာ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်၊ သက်သာခွင့်လျှောက်ထားလွှာ (ပုံစံ ၆) အား DICA ရုံးချုပ်ရှိ ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေး ဌာနသို့ တင်ပြလျှောက်ထားရမည်ဖြစ်သည်။***

## (ဂ) ရင်းနှီးမြှုပ်နှံမှုအတည်ပြုမိန့်အတွက်လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်မြေပုံ

| ရန်ကုန်ရှိသက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဌာနခွဲများနှင့် တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များ ရှိ DICA ရုံးများ | MIC/ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ/အခြားအေဂျင်စီများ/ဌာနများ |
|---|---|

စတင်ခြင်း

၁

အလုပ်ဖွင့်ရက် ၁၀ ရက်

ရင်းနှီးမြှုပ်နှံမှု စုံစမ်းမေးမြန်းခြင်းလျှောက်လွှာကို DICAရုံးချုပ်သို့မဟုတ်တိုင်းဒေသကြီး/ပြည်နယ် DICAရုံးသို့တင်သွင်းခြင်းဖြင့်သတင်းအချက်အလက်စုံစမ်းပါ။ *(မိမိဆန္ဒရှိမှသာလျှောက်ထားရန်)*

*၅၀၀ MMK + ၁၅,၀၀၀ MMK (သို့) ၅,၀၀၀ MMK (အသေးစားကုမ္ပဏီများအတွက်*

ရင်းနှီးမြှုပ်နှံသူများသို့ လမ်းညွှန်မှုနှင့် မသက်ဆိုင်ပါ။

၅၀၀ MMK

DICA ရုံးချုပ် သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ် DICA ရုံးမှ ရင်းနှီးမြှုပ်နှံမှု အတည်ပြုမိန့် လျှောက်လွှာပုံစံကို ဝယ်ယူပါ။

၁။ ရင်းနှီးမြှုပ်နှံမှုအတည်ပြုမိန့် လျှောက်လွှာပုံစံ
၂။ လျှောက်လွှာအတွက် လိုအပ်သော အထောက်အထားများ၏ ဆောင်ရွက်ရန် စာရင်း

ရင်းနှီးမြှုပ်နှံမှု အတည်ပြုမိန့်လျှောက်လွှာပုံစံများကို ဖြည့်စွက်၍ ဆောင်ရွက်ရန်စာရင်းတွင် ညွှန်ပြထားသော လိုအပ်သည့် စာရွက်စာတမ်းအားလုံးကို ပြင်ဆင်ပါ။

၂

DICA ရုံးချုပ်၏ သက်ဆိုင်ရာရင်းနှီးမြှုပ်နှံမှု ဌာနခွဲ သို့မဟုတ် တိုင်းဒေသကြီး ပြည်နယ် DICA ရုံးသို့ လျှောက်လွှာအထောက်အထားများ တင်သွင်းပါ။

လျှောက်လွှာအပြည့်အစုံသည် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ပါသလား။

လိုအပ်ပါက ပြင်ဆင်တည်းဖြတ်ပါ။

မလိုအပ်ပါက

DICA က လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အကြောင်းကြားစာကို ၁၅ ရက်အတွင်း ပေးပို့မည်။

အလုပ်ဖွင့်ရက် ၆၀ ရက်


ရန်ကုန်ရှိသက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဌာနခွဲများနှင့် တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များရှိ DICA ရုံးများ
MIC/တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ/အခြားအေဂျင်စီများ / ဌာနများ
ရင်းနှီးမြှုပ်နှံမှု အတည်ပြု လျှောက်လွှာကို လက်ခံပါသလား။
ငြင်းပယ်စာ
၃
အတည်ပြုလျှောက်ထားလွှာ ဝန်ဆောင်စရိတ်ပေးချေပါ။
လက်ခံစာ
တိုင်းဒေသကြီး/ ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ အစည်းအဝေးအတွက် powerpointဖော်ပြချက်
ငြင်းပယ်လျှင် အလုပ်ဖွင့်ရက် ၁၅ ရက်နှင့် လက်ခံလျှင် အလုပ်ဖွင့်ရက် ၃၀ ရက်
DICA ရုံးချုပ် သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ်DICA၏ သဘောထားမှတ်ချက် များနှင့်အညီ အတည်ပြုလျှောက်လွှာကို ပြင်ဆင်ပါ။
လိုအပ်သည်
လျှောက်လွှာကို ပြင်ဆင်တည်းဖြတ်ရန် လိုအပ်ပါသလား။
မလိုအပ်ပါ။
သဘောထားမှတ်ချက်များနှင့်အညီပြင် ဆင်ပြီးသောအတည်ပြုလွှာကိုရင်းနှီးမြှုပ်နှံ မှုဌာနခွဲ/DICA(သို့)တိုင်းဒေသကြီး/ ပြည်နယ်ကော်မတီသို့တင်သွင်းပါ။
DICA က စီမံချက်ကို ပြန်လည်သုံးသပ်ရန် လက်ခံပါသလား။
ပြည့်စုံရန်အတွက်ရန်ကုန် ရှိ DICA က သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ်ရှိ DICA ရုံးက ထပ်မံ တောင်းဆိုခြင်း
ပြည့်စုံရန်အတွက် ရန်ကုန် ရှိ DICA က သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ်ရှိ DICA ရုံးက လက်ခံခြင်း
ပြည့်စုံသော လျှောက်လွှာအစုံ + PDF ဖိုင် (DICA ရုံးချုပ်ရှိ သက်ဆိုင်ရာရင်းနှီးမြှုပ်နှံမှု ဌာနခွဲက သို့မဟုတ် တိုင်းဒေသ ကြီး/ပြည်နယ် DICA ရုံးက ပြန်လည်သုံးသပ်ပြီးဖြစ်သော ၁၅ စုံကိုတင်သွင်းပါ။(တိုင်းဒေသကြီး/ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ အစည်းအဝေးတွင်တင်ပြရန် ပါဝါပွိုင့် ပြင်ဆင်ပါ။)
၄
တိုင်းဒေသကြီး/ပြည်နယ်ထောက်ခံချက်အတွက် တိုင်းဒေသကြီး /ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးသို့ တက် ရောက်ပြီးpresentation ပြုလုပ်ပါ။ MICအတည်ပြုမိန့်အတွက် အစည်းအဝေးတက်ရောက်ရန်နှင့် presentationပြုလုပ်ရန် မလိုအပ်ပါ။
အစည်းအဝေး၏ ရလဒ်ကို စောင့်ပါ။
၅
MIC အတည်ပြုမိန့်အတွက်ရန်ကုန်ရှိ DICA ရုံးမှ ဆုံးဖြတ်ချက်ရယူပါ။တိုင်းဒေသကြီး/ ပြည်နယ်အတည်ပြုမိန့်အတွက်တိုင်းဒေသကြီး / ပြည်နယ်ရှိ DICA ရုံးမှဆုံးဖြတ်ချက်ရယူပါ။
ကြေညာ သည်
MIC သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီက ထောက်ခံချက်ကို ဆုံးဖြတ်ပြီး ထောက်ခံသော လျှောက်လွှာများအား DICA ဝက်ဘ်ဆိုက် dica.gov.mm တွင် ကြေညာမည်။
အလုပ်ဖွင့်ရက် ၁၀ ရက်
မကြေညာပါ
ငြင်းပယ်စာ
ပြီးဆုံးခြင်း

## မှတ်ချက်များ

၁

ပုံစံ -၁။ စုံစမ်းမေးမြန်းခြင်းလျှောက်ထားလွှာ (DICA ဝက်ဘ်ဆိုက်မှ ဒေါင်းလုတ်ဆွဲရန် ရနိုင်သည် သို့မဟုတ် DICA ရုံးချုပ်တွင် ဝယ်ယူနိုင်သည်။

၂

ဤအဆင့်တွင် တင်သွင်းရန်လိုသော အထောက်အထားများ

၁။ ဖြည့်စွက်ထားသော ရင်းနှီးမြှုပ်နှံမှု အတည်ပြုလျှောက်ထားလွှာပုံစံ (MIC အတည်ပြုမိန့်အတွက် ပုံစံ ၄ က၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတည်ပြုမိန့်အတွက် ပုံစံ ၄-ခ)
၂။ ဒါရိုက်တာအားလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူများ (မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများအတွက်)၊ ဒါရိုက်တာအားလုံး၏ ပတ်စ်ပို့မိတ္တူများ (နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက်)
၃။ ငွေရေးကြေးရေးအထောက်အထား(ဘဏ်ငွေစာရင်းရှင်းတမ်း)
၄။ HS ကုဒ်နံပါတ်ဖော်ပြထားသော ပြည်ပမှတင်သွင်းမည့် ပစ္စည်းကိရိယာ၊ စက်ပစ္စည်း၊ ကုန်ကြမ်းပစ္စည်း
၅။ စီးပွားရေးလုပ်ငန်းတည်နေရာပြမြေပုံ
၆။ မြေပိုင်ဆိုင်မှု အထောက်အထား/ စာချုပ်စာတမ်းများ
၇။ မြေယာအသုံးပြုမှုအတွက် ပုံစံ (MIC အတည်ပြုမိန့်အတွက် ပုံစံ ၇-က၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတည်ပြုမိန့်အတွက် ပုံစံ ၇-ခ)။ မြန်မာနိုင်ငံသားက ၎င်း၏ ကိုယ်ပိုင်မြေယာကိုအသုံးပြုပြီး ရင်းနှီးမြှုပ်နှံမှု၏ ၁၀၀ % ကို မြန်မာနိုင်ငံသားများက ပိုင်ဆိုင်လျှင် ပုံစံ ၇-က နှင့် ၇-ခ တို့ကို တင်သွင်းရန်မလိုပါ။ သို့ရာတွင် ရင်းနှီးမြှုပ်နှံမှုသည် ဖက်စပ်လုပ်ငန်း သို့မဟုတ် နိုင်ငံခြားက လုံးဝပိုင်ဆိုင်ခြင်းဖြစ်လျှင် ဖက်စပ်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစီမံကိန်းအား MIC က အတည်ပြုရန် သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ်က အတည်ပြုရန်အပေါ် မူတည်၍ ပုံစံ ၇-က နှင့် ၇-ခ တို့ကို အသုံးပြုရသည်။
၈။ ဖက်စပ်လုပ်ငန်းဖြစ်ပါက ဖက်စပ်လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း)

၃

ဝန်ဆောင်ခပမာဏ အသေးစိတ်အတွက် နောက်ဆက်တွဲ ၄ ကိုကြည့်ပါ။

၄

ပါဝါပွိုင့်တင်ပြမှု ဖွဲ့စည်းပုံနှင့်လိုအပ်ချက်များအတွက် လမ်းညွှန်ချက်ကို နောက်ဆက်တွဲ ၅ တွင်ကြည့်ပါ။

၅

ပုံစံ ၅-ကသည် MIC အတည်ပြုမိန့်အတွက်ဖြစ်ပြီး ပုံစံ ၅-ခ သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတည်ပြုမိန့်အတွက် ဖြစ်သည်။

***သတိပြုရန်မှာ- ရင်းနှီးမြှုပ်နှံမှု အတည်ပြုမိန့် ရယူပြီးမှသာ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်၊ သက်သာခွင့်လျှောက်ထားလွှာ (ပုံစံ ၆) အား DICA ရုံးချုပ်ရှိ ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေး ဌာနသို့ တင်ပြလျှောက်ထားရမည်ဖြစ်သည်။***

## ၄။ အမေးများသော မေးခွန်းများ

**မေးခွန်း ၁။ ရင်းနှီးမြှုပ်နှံမှုများကို အကောင်အထည်ဖော်နိုင်သော တရားဝင်ပုံစံများကားအဘယ်နည်း။**

ရင်းနှီးမြှုပ်နှံသူများသည် ဖော်ပြပါပုံစံများအနက် တစ်ခုကိုရယူနိုင်သည်။

(၁) မြန်မာနိုင်ငံသား အပြည့်အဝပိုင်ဆိုင်သော ပုဂ္ဂလိကကုမ္ပဏီ (၂) နိုင်ငံခြားသား အပြည့်အဝပိုင်ဆိုင်သော ပုဂ္ဂလိကကုမ္ပဏီ (၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် မြန်မာနိုင်ငံသားတစ်ဦး သို့မဟုတ် အစိုးရဌာနတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုတို့အကြား ဖက်စပ်လုပ်ငန်းများ။

**မေးခွန်း ၂။ တားမြစ်ထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ကန့်သတ်ထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် အဆင့်မြှင့်တင်ထားသော ရင်းနှီးမြှုပ်နှံကဏ္ဍများ၏ အသေးစိတ်အချက်အလက်ကား အဘယ်နည်း။**

ကန့်သတ်ထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ စာရင်းကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် - ၁၅/၂၀၁၇ တွင် အသေးစိတ်ဖော်ပြထားသည်။ ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၏ စာရင်းကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇ တွင် အသေးစိတ်ဖော်ပြထားသည်။ အဆိုပါ ကြော်ငြာနှစ်ခု စလုံးကို DICA ဝက်ဘ်ဆိုက်တွင် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရရှိနိုင်သည်။

**မေးခွန်း ၃။ ရင်းနှီးမြှုပ်နှံသူတစ်ဦးက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသောအခါ ကင်းလွတ်ခွင့်များနှင့် သက်သာခွင့်များမှာ အဘယ်နည်း။**

ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သော ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခွင့်ပြုခြင်းဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ အချိုးကျဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံသူများအား ကိစ္စရပ်တစ်ခုချင်းစီအပေါ်မူတည်၍ အခွန်ကင်းလွတ်ခွင့်များ သို့မဟုတ် သက်သာခွင့်များကို ခွင့်ပြုပေးနိုင်သည်။ ယင်းတို့ကို ဝင်ငွေခွန်၊ အကောက်ခွန်နှင့် ပြည်တွင်းအခွန်အခများမှ ကင်းလွတ်ခွင့်များနှင့် သက်သာခွင့်ပုံစံများအပြင် ဝင်ငွေခွန် အကဲဖြတ်မှုရည်ရွယ်ချက်အတွက် တန်ဖိုးလျော့ခွင့်ကို ရယူနိုင်သည်။ ရင်းနှီးမြှုပ်နှံသူများနှင့်သက်ဆိုင်သော ကင်းလွတ်ခွင့်များ၊ သက်သာခွင့်များနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို MIL ၏ ပုဒ်မ ၇၄၊ ၇၅၊ ၇၆၊ ၇၇ နှင့် ၇၈ တို့တွင် ပြဌာန်းထားသည်။

**မေးခွန်း ၄။ တည်နေရာနှင့် ဇုန်များပေါ်မူတည်၍ ခြားနားမှုများ သို့မဟုတ် အခွန်သက်သာခွင့်များ တစ်စုံတစ်ရာရှိပါသလား။**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဇုန်များကို ဇုန်-၁၊ ဇုန်-၂ နှင့် ဇုန်-၃ ဟူ၍ အသေးစိတ်သတ်မှတ်ပြီး အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၇ ဖြင့် ထုတ်ခဲ့ရာ-

၁။ ဇုန် (၁)- ဖွံ့ဖြိုးမှုနည်းသောဒေသများ၌ဝင်ငွေခွန်ကင်းလွတ်ခွင့် (၇) နှစ်၊

၂။ ဇုန် (၂) - အသင့်အတင့် ဖွံ့ဖြိုးသောဒေသများ၌ဝင်ငွေခွန်ကင်းလွတ်ခွင့် (၅) နှစ်နှင့်

၃။ ဇုန် (၃) - ဖွံ့ဖြိုးပြီးဒေသများ၌ဝင်ငွေခွန်ကင်းလွတ်ခွင့် ( ၃ )နှစ် တို့ဖြစ်ကြသည်။

**မေးခွန်း ၅။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ခွင့်ပြုချက်နှင့် ရင်းနှီးမြှုပ်နှံမှု အတည်ပြုချက်ရရှိရန် မည်မျှကြာသနည်း။ MIC ခွင့်ပြုချက်တစ်ခုနှင့် ရင်းနှီးမြှုပ်နှံမှု အတည်ပြုချက်တစ်ခုအတွက် အခကြေးငွေကားအဘယ်နည်း။**

MIC ခွင့်ပြုချက်အတွက် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်ကို လက်ခံရရှိသည့်နေ့မှ အလုပ်ဖွင့်ရက် ရက်ပေါင်း ၆၀ အတွင်း ထုတ်ပေးမည် ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုအတည်ပြုမိန့်အတွက် ရင်းနှီးမြှုပ်နှံမှုအတည်ပြုလျှောက်ထားလွှာ လက်ခံရရှိသည့်နေ့မှ အလုပ်ဖွင့်ရက် ရက်ပေါင်း ၃၀ အတွင်း ထုတ်ပေးမည်ဖြစ်သည်။

MIC ခွင့်ပြုချက်များနှင့် ရင်းနှီးမြှုပ်နှံမှုအတည်ပြုချက်များအတွက် ဝန်ဆောင်စရိတ်များကို ဤလမ်းညွှန်စာအုပ်၏ နောက်ဆက်တွဲ ၄ တွင် ကိုးကားပါ။

**မေးခွန်း ၆။ အဆိုပြုချက်လျှောက်ထားသူသည် ကိုယ်တိုင်မလျှောက်ထားနိုင်ပါက လွှဲအပ်ခြင်းခံရသော အဆိုပြုကုမ္ပဏီမှ ပုဂ္ဂိုလ် သို့မဟုတ် ပြင်ပပုဂ္ဂိုလ်မှ လျှောက်ထားနိုင်ပါသလား။**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၄၃ အရ -

(က)ရင်းနှီးမြှုပ်နှံသူ

(ခ) ရင်းနှီးမြှုပ်နှံလိုသူ၏ အခွင့်ရကိုယ်စားလှယ်

(ဂ) ရင်းနှီးမြှုပ်နှံလိုသူ၏လုပ်ငန်းတွင်ပါဝင်သော လက်အောက်ခံကုမ္ပဏီမှ လျှောက်ထားနိုင်ပါသည်။

**မေးခွန်း ၇။ မည်သည့်အခါတွင် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုဆန်းစစ်ချက် (EIA) အတိအကျ လိုအပ်မည်နည်း။**

